# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းနန့် ပတ်သက်တေ အဓိကအချက်အလက်တိ



- ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နို့ ညဥ့်သန်းခေါင်ယံရေ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်သည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မာ သင်ရို့ ဟိနိန်ရေ နီရာမာ စာရင်းဝင်ဖို့ ဖြစ်ပါသည်။

- ၂၀၁၄ ခုနှစ်၊ မတ်လ၂၉ ရက်နို့ ညဥ့်သန်းခေါင်စာရင်းရည်ညွှန်းချိန်မာ မြန်မာနိုင်ငံနယ်နိမိတ်ထဲ ဟိ နီလူအားလုံးကိုလူမျိုးမရွီး၊ ဘာသာမရွီး၊ နိုင်ငံသားမရွီး၊ ကျား/မ မရွီး၊ အသက်မရွီးကောက်ယူ လားဖို့ဖြစ်ပါသည်။ သန်းခေါင်စာရင်းဆိုစွာမာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မာ မြန်မာနိုင်ငံတစ်ခုလုံးကို လျှပ်တစ်ပြက်ဓါတ်ပုံရိုက်ယူလိုက်တေ သဘောတရားရာ ဖြစ်ပါသည်။

- စာရင်းကောက်တိရေ ၂၀၁၄ခုနှစ်မတ်လ(၃၀)ရက်နို့ မှဧပြီလ(၁၀)ရက်နို့ အတွင်း အိမ်ထောင်စုအားလုံး နန့်အဖွဲ့အစည်းတိမာ စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ စာရင်းကောက်ယူပြီးစီးရေအိမ်တိမာ သန်းခေါင်စာရင်း ကောက်ယူပြီးစီးကြောင်း အမှတ်အသားကတ်ပြားကို ကပ်ထားမေဖြစ်ပါသည်။၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၀) ရက် နို့အထိ သန်းခေါင်စာရင်း ကောက်ယူခြင်း မခံရသိမ့်ရေ အိမ်ထောင်စု/အဖွဲ့အစည်းတိရှိပါကေ ရပ်ရွာခေါင်း ဆောင်တိထံ အကြောင်းကြားရပါဖို့။ သူရို့က စာရင်းကောက်ယူဖို့ စီစဉ်ပီးပါလိမ့်မယ်။ သန်းခေါင်စာရင်း ကောက်ယူချိန်မာ မိုးထ (၇) ချက်တီးမှ ညဇာဖတ် (၆) ချက်တီးအထိ ဖြစ်ပါသည်။

- သန်းခေါင်စာရင်းကောက်ယူခြင်းမှာ လူတိုင်းပူးပေါင်းပါဝင်ခြင်းနန့်မြန်မာပြည်သူလူထု၏ လူနီမှုအဆင့် အတန်းကို မှန်မှန်ကန်ကန် သိဟိနိုင်မေ ဖြစ်ပါသည်။ သန်းခေါင်စာရင်းက ရဟိရေအချက်အလက်တိရေ ငြိမ်းချမ်းရေး လုပ်ငန်းစိုင်တိ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစိုင်တိ၊ မျှတရေ ကိုယ်စားပြုမှုနှင့် စွမ်းအားစု ဖြန့်ဝီမှုတိ အပါအဝင်ထိရောက်ရေ စီမံကိန်းတိနန့် မူဝါဒတိရီးဆွဲရာမာ အထောက်အကူပြုဖို့ဖြစ်ပါသည်။ သန်းခေါင်စာရင်းမာ ပူးပေါင်းပါဝင်ခြင်းနန့် သင်ရို့၏ လိုအပ်ချက်တိကို နိုင်ငံတော်စီမံကိန်းတိ ရီးဆွဲရာမှာ ထည့်သွင်း ရီးဆွဲနိုင်ဖို့ ဖြစ်ပါသည်။







ရခိုင်



ပြည်လုံးကျွတ်
သန်းခေါင်စာရင်း
၂၀၁၄

- သန်းခေါင်စာရင်းမှာ သင်ဖြေဆိုခဲ့ရေ အချက်အလက်တိ၏လုံခြုံစိတ်ချရမှုကိုသန်းခေါင်စာရင်းဥပဒေကိုကာကွယ်ပီး ထားပြီး တစ်စုံတစ်ယောက်သည် ယင်းအချက်ကို ချိုးဖောက်ခပါကေ သန်းခေါင်စာရင်းဥပဒေအရ အရေးယူခြင်း ခံရဖို့ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခရေ သန်းခေါင်စာရင်းဥပဒေရေ သင်ဖြေဆိုခရေ အချက်အလက်တိ၏ လုံခြုံမှုကို အကာအကွယ်ပေးထားပါသည်။

- သင်ရို့၏ "အိမ်ထောင်စုလူဦးရေစာရင်း" နန့် 'နိုင်ငံသားစီစစ်ရေးကတ်ပြား' ကို ဇာစာရင်းကောက်ကိုမှ ပြသဖို့မလိုပါ။ သန်းခေါင်စာရင်းရေ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ အိမ်ထောင်စု/အဖွဲ့အစည်းတိမှာ ဟိနီလူတိကိုရာ ကောက်ခံခြင်းဖြစ်ပါသည်။ မဟုတ်ကေ အိမ်ထောင်စုစာရင်းမှာ မပါဝင်ကေလေ့ သန်းခေါင်ရည်ညွှန်းချိန်မှာ ယင်းအိမ်မှာ ဟိနေပါက စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းနန့် သန်းခေါင်စာရင်းရေ လုံးဝ သက်ဆိုင်ခြင်းမဟိပါ။ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ သင်၏ အိမ်ထောင်စုမှာ ဟိနေလူအားလုံး၏ အချက်အလက်တိကို မှန်ကန်အောင် ဖြေဆိုရပါမည်။

- သန်းခေါင်စာရင်းက ရရှိရေအချက်အလက်တိကို အသုံးပြုပနာ အခွန်ကောက်ယူခြင်း၊ ဖမ်းဆီးမှတ်တမ်းတင်ခြင်း၊ မှန်မမှန် စစ်ဆေးခြင်းတိပိုင် စာရင်းအင်းနန့် မသက်ဆိုင်ရေ ကိစ္စရပ်တိကို ဆောင်ရွက်ဖို့ မဟုတ်ပါ။ သန်းခေါင်စာရင်းမှာ သင်ဖြေဆိုခသော အချက်အလက်တိကို အသုံးပြုပြီးကေ ဇာလူကမှ ဖမ်းဆီး အရေးယူခြင်း၊ အခွန်ပိုမို ကောက်ခံခြင်းတိ မပြုနိုင်အောင် သန်းခေါင်စာရင်းဥပဒေက သင့်ကို ကာကွယ်ပီး ထားပါသည်။

- သန်းခေါင်စာရင်းမိန်းခွန်းတိကို မှန်ကန်အောင် ဖြေဆိုကြဖို့ လူတိုင်းကို တိုက်တွန်းလိုပါသည်။ သန်းခေါင်စာရင်းရေ သာမန်အိမ်ထောင်စုတိ၊ အဖွဲ့အစည်းတိ (ဟော်တယ်တိ၊ စစ်တန်းလျားတိ၊ ဘုန်းကြီးကျောင်းတိ၊ ဆီးရုံတိစရေ) နန့်အထူးလူဦးရေအုပ်စုတိ (အိမ်ခြေယာခြေမဲ့တိ၊ ဆောက်လုပ်ရေး လုပ်သားတိ၊ ဆိပ်ကမ်းလုပ် သားတိစရေနဲ့) အားလုံးကို စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ မြန်မာနိုင်ငံအတွင်း နီထိုင်လူအားလုံးကို စာရင်းကောက်ယူဖို့ ဖြစ်ပါသည်။

## ဆက်သွယ်ရန်။

www.dop.gov.mm

http://myanmar.unfpa.org/census

UNFPA